**The Brief profile of National Democratic Front - NDF**

**Establishment of NDF**

The National Democratic Front (NDF) consists with leadership of political wings in the ethnic groups. The NDF was established in May 10, 1976 at Manerplaw, Kawtoolay by 12 different Ethnic political parties and organizations, such as the Arakan, Chin, Karen, Karenni, Kachin, Lahu, Mon, Pa-O, Palaung, Shan and Wa. The NDF is the first and most successful union of all of the ethnic groups who are working together to develop the best strategy for a Federal Union and topple military regime.

**Aims of the NDF**

1. Equality right and self-determination right for all ethnic nationals and
2. Establishment of a Federal Union based on democratic principles.

**The Beliefs of NDF**

The NDF firmly believes that
1. All ethnic nationals must enjoy political equality, regardless of the size of their populations, advancement and backwardness, in order to establish genuine national unity;

2. A state should be established for the Burman ethnic national in order to ensure the equality principle of ethnic nationals in Burma and self-determination right;

3. Ethnic conflicts originating from political causes could only be resolved by political means and not by military means, which has been the course successive Burmese regimes have been pursuing; and

4. The military regime attempting to resolve the conflict only by the military means should be overcome and for that the democratic forces must be organized for united struggle against the military regime.

**The Principles of NDF**

(1) The NDF is a leading front of all the ethnic nationals organized for upholding the interests and betterment of the ethnic nationals;
(2) The NDF is totally against any system that hinders development of all the ethnic nationals and upholds national democratic principles;
(3) The NDF shall cooperate with any organizations or individuals that promote World peace and oppose dictatorship;
(4) The NDF is absolutely against any system that suppresses multi-ethnic nationals' unity;
(5) The NDF respectfully observes international standards as well as the value of local traditions whilst realizing its aims and objectives;
(6) The NDF was founded by organizations that are committed to uphold equality, democracy, mutual understanding and cooperation; and
(7) The NDF shall settle every major disagreement on the basis of shall be neglected. Any disagreement shall be resolved through peaceful negotiation.

**Membership criteria of the NDF**

If an organization which has the following characteristic could be a member of NDF;
1) A well defined political program and guide line/ political;
2) A Central Committee to realize its political program and guide line policy;
3) An armed force or believe in armed resistance;
4) A base area that enjoy the support of the masses of people in that area; and,
5) Has accepted the right of equality and self-determination for all ethnic nationalities.

**Current member organization of NDF**

1) Arakan Liberation Party (ALP)
2) Chin National Front (CNF)
3) Karen National Union (KNU)
4) Lahu Democratic Union (LDU)

5) New Mon State Party (NMSP)
6) Pa_O People's Liberation Organization (PPLO)
7) Palaung State Liberation Front (PSLF)
8) Wa National Organization (WNO)

## The Leadership of NDF 7th Congress Term

The Seventh Congress of the National Democratic Front (NDF) was successfully held from April 6 to 9, 2009 at a certain place in the liberated area. This Congress elected democratically leaders, at different levels, in accordance with the Constitution for implementation, during the term of the 7th Congress, the programs laid down by the Central Executive Committee - CEC of NDF, as follows;

| | |
|---|---|
| 1. Chairman | Saw David Tharckabaw(KNU) |
| 2. Vice-Chaiman | Khaing Soe Naing Aung(ALP) |
| 3. General Secretary | Mai Bhone Kyaw (PSLF) |
| 4. Joint-G/Secretary | Mahn Nyein Maung(KNU) |
| 5. CEC | Col. Khun Okker (PPLO) |
| 6. CEC | Khaing Ne Lin (ALP) |
| 7. CEC | Mai aik Phone (PSLF) |
| 8. CEC | Dr. Sui Khar (CNF) |
| 9. CEC | Saya Nai (NMSP) |
| 10. CEC | Saw Tar Doemu(KNU) |
| 11. CEC | Khun Ooh (PPLO) |
| 12. CEC | Na Mi Shaw (LDU) |

### The significant works of NDF (Part One)

(a) The integration of national liberation movement with the democratic movement.
(b) The formation of the All Burma Student Democratic Front (ABSDF)
(c) The forming National Coalition Government of the Union of Burma (NCGUB)

### The significant works of NDF (Part Two)

(a) NDF Cadet training in 1981
(b) NDF Joint Military Command in 1982
(c) NDF regional forces in 1984
(d) A long march to Northern Burma in 1985-86
(e) The Federal University of NDF

### The significant works of NDF (Part Three)

(a) The Manerplaw Agreement in 1992
(b) The attempt to reunite the two splitting factions of Mon organization in 1982
(c) The compromising of Mon-Karen armed conflict in 1988
(d) NDF and UWSP alliance in 1989
(e)The historical seminar of Ethnic Nationalities in 1997

## For more information, please contact to;

P.O Box 101
Mae Sod, Tak 63110
Tel: 055 536 757
Fax: (+66) 55 536 757
Email:ndf.burma@gmail.com
Website: :ndf-burma.org
:ndf-burma.blogspot.com

# trsK;om;'rua&pwyaygi;p - r'w

## ဖွဲ့စည်းတည်ထောင်ခြင်း

အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု – မဒတ သည် တိုင်းရင်းသားလူမျိုးတို့၏ နိုင်ငံရေးဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော တပ်ပေါင်းစုဖြစ်သည်။ မဒတ ကို ကောသူးလေ၊ မာနယ် ပလောတွင် မေလ ၁၀ ရက်နေ့ ၁၉၇၆ ခုနှစ်၌ ကချင်၊ ကရင်နီ၊ ကရင်၊ ချင်း၊ ပလောင်၊ ပအိုဝ်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဝ၊ လားဟူ အစရှိသော တိုင်းရင်းသားလူမျိုးတို့ကို အခြေခံ ဖွဲ့စည်းထားသော အဖွဲ့အစည်း ၁၂ ဖွဲ့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ မဒတ သည် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် ဖက်ဆစ်စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးအတွက် တိုင်းရင်းသားလူမျိုးများစုစည်းကာ အကောင်းဆုံးမဟာဗျူဟာများ ချမှတ်ကာ အတူတကွပူးပေါင်းလုပ်ဆောင်ရာတွင် ပထမဦးဆုံးနှင့် အောင်မြင်မှုအရှိဆုံး တပ်ပေါင်းစုဖြစ်သည်။

## တပ်ပေါင်းစု ရည်ရွယ်ချက်

၁) တိုင်းရင်းသားလူမျိုးများအားလုံး အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး
၂) ဒီမိုကရေစီကိုအခြေခံသည့် ပြည်နယ်ပေါင်းစု ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး

## တပ်ပေါင်းစု ယုံကြည်ချက်

၁) တိုင်းရင်းသားလူမျိုးများအတွင်း လူဦးရေများသည်၊ နည်းသည်၊ ခေတ်မှီတိုးတက်သည်၊ ခေတ်နောက်ကျသည် စသည်ဖြင့် ဆူကြံ့နိမ့်မြင့်မခွဲခြားဘဲ အထူးသဖြင့်နိုင်ငံရေးတန်းတူညီမျှသည့်စနစ်ဖြင့်သာလျှင် တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။

၂) တိုင်းရင်းသားလူမျိုးများမှ ဗမာလူမျိုးသည် ပြည်နယ်တခုရယူ၍ ပြည်နယ်အသီးသီးတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသည့် အမျိုးသားဒီမိုကရေစီစနစ်ကို ကျင့်သုံးသောလူမျိုးများအားလုံးနှင့် ကိုက်ညီသည့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မှသာလျှင် ကျွန်ုပ်တို့တိုင်းပြည်သည် သာယာဝပြောသော တိုင်းပြည် ဖြစ်လာလိမ့်မည်ဟု ယုံကြည်သည်။

၃) နိုင်ငံရေးပြဿနာပေါ်အရင်းခံ၍ ပေါ်ပေါက်လာသော တိုင်းရင်းသားလူမျိုးများ၏ပြဿနာကို အုပ်စိုးသူ အစိုးရသည် စစ်ရေးသက်သက်ဖြင့်တိုက်ခိုက်နေ၍ ပြေလည် သွားမည်မဟုတ်ဘဲ နိုင်ငံရေးပြဿနာကို နိုင်ငံရေး နည်းလမ်းအရ တိုင်းပြည် အကျိုးရှိမှုနှင့် တရားမျှတမှုအပေါ် အခြေခံပြီးတွေ့ဆုံဆွေးနွေး ညှိနှိုင်းဖြေရှင်းခြင်းဖြင့်သာ ပြေလည်ပြီးဆုံးသွားမည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။

၄) လက်ရှိအနေအထားတွင် စစ်ရေးသက်သက်ဖြင့် ပြဿနာဖြေရှင်းရန်လုပ်ဆောင်နေသော စစ်အာဏာရှင်များအား မိမိတို့၏ တိုင်းရင်းသားအင်အားစုများနှင့် ဒီမိုကရေစီအင်အားစုများ စုပေါင်း၍ အတွင်းအပြင် ဟန်ချက်ညီညီမဆုတ်မနစ် တိုက်ပွဲဝင်နိုင်မှသာလျှင် စစ်အာဏာရှင်စနစ်ကျဆုံး၍ ငြိမ်းချမ်းသာယာဝပြောသော ပြည်ထောင်စုသစ်ကြီးကို တည်ဆောက်နိုင်မည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။

## တပ်ပေါင်းစုအခြေခံမူများ

၁။ တိုင်းရင်းသားလူမျိုးအားလုံး၏ အကျိုးစီပွားကို ကိုယ်စားပြု၍ ၄ တို့၏အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကို ရှေ့ဆောင်မည့် တပ်ဦးဖြစ်သည်။ လုပ်ငန်းများကို စုပေါင်းခေါင်းဆောင်မှုဖြင့် လုပ်ဆောင်သည်။

၂။ မဒတ သည် မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးများ၏ တိုးတက်ရေးကို အနှောက်အယှက်ပြုသောစနစ်မှန်သမျှကို ဆန့်ကျင်ပြီး အမျိုးသားဒီမိုကရေစီလမ်းစဉ်ကို ကျင့်သုံးသည်။

၃။ မဒတ သည် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်နေသော အင်အားစုများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ကမ္ဘာ့ငြိမ်းချမ်းရေးလိုလား သောအင်အားစုများ၊ လူပုဂ္ဂိုလ်များနှင့် လက်တွဲပြီး တိုက်ပွဲဝင်သွားမည်ဖြစ်သည်။

၄။ မဒတ သည် လူမျိုးပေါင်းစုံသွေးစည်းညီညွတ်ရေးအတွက် လုပ်ဆောင်သည့် ဖိနှိပ်မှုစနစ်မှန်သမျှကို ပြတ်သားစွာဆန့်ကျင်သည်။

၅။ မဒတ သည် လုပ်ငန်းစဉ်များကို လုပ်ဆောင်ရာတွင် နိုင်ငံတကာ အခြေအနေများကိုအားပေးဂရုပြု၍ တိုင်းရင်းသားလူမျိုးများအားလုံး၏ လူမှုရေးအခြေအနေများနှင့် အဆက်အစပ်ရှိစွာ ပေါင်းစည်းလုပ်ဆောင်သည်။

၆။ မဒတ သည် အဖွဲ့အစည်းအသီးသီး၏ တန်းတူမှု၊ ဒီမိုကရေစီကျင့်သုံးမှု၊ အပြန်အလှန်အထောက်အကူပြုမှု အခြေခံဖြင့် ဖွဲ့စည်းသည်။

၇။ မဒတ သည် အခြေခံမူဆိုင်ရာပြဿနာများတွင် အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်အရလုပ်ဆောင်သည်။ ရရှိသည့် သဘောတူညီချက်များကို တိကျစွာလုပ်ဆောင်၍ မတူညီသည်များကို ဆက်လက်ညှိနှိုင်း၍ တူညီမှုရယူသည်။

**တပ်ပေါင်းစု အဖွဲ့ဝင်ဖြစ်ရန် သတ်မှတ်ထားသည့်စံနှုန်းများ**

၁။ လုပ်ငန်းစဉ်အတိအကျရှိသောပါတီ (သို့) အဖွဲ့အစည်း ဖြစ်ခြင်း။
၂။ ယင်းလုပ်ငန်းစဉ်ကို အာမခံသည့် ရှေ့ဆောင်သော ဗဟိုကော်မီတီအဖွဲ့ရှိခြင်း။
၃။ နိုင်ငံရေးရှေ့ဆောင်မှုကို အလေးအနက်ခံယူ လုပ်ဆောင်သော စစ်ရေးလှုပ်ရှားမှုရှိခြင်း (သို့) ယုံကြည်ခြင်း။
၄။ လူထုထောက်ခံမှုရှိသော အမာခံနယ်မြေရှိခြင်း။
၅။ လူမျိုးတိုင်း၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့် အရေးကို လက်ခံခြင်း။

**တပ်ပေါင်းစုအဖွဲ့ဝင်အဖွဲ့အစည်းများ**
၁။ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ – ALP
၂။ ချင်းအမျိုးသားတပ်ဦး – CNF
၃။ ကရင်အမျိုးသားအစည်းအရုံး – KNU
၄။ လားဟူဒီမိုကရက်တစ်သမဂ္ဂ – LDU
၅။ မွန်ပြည်သစ်ပါတီ – NMSP
၆။ ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့ – PPLO
၇။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး – PSLF
၈။ 'ဝ' အမျိုးသားအဖွဲ့ချုပ် – WNO

**သတ္တမ အကြိမ်ညီလာခံသက်တမ်း ခေါင်းဆောင်မှု**

အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) ၏ သတ္တမအကြိမ်မြောက် ညီလာခံကို ၂၀၀၉ ခုနှစ်၊ ဧပြီလ (၆)ရက်နေ့မှ (၉)ရက်နေ့အထိ၊ လွတ်မြောက်ဒေသတစ်နေရာတွင် အောင်မြင်စွာကျင်းပခဲ့ပြီး သတ္တမအကြိမ်ညီလာခံ ကာလအတွင်း မဒတ၏ ချမှတ်ထားသောလုပ်ငန်းစဉ်များကို ဦးဆောင်အကောင်အထည်ဖော်ဆောင်နိုင်ရန် ခေါင်းဆောင်မှု အဆင့်ဆင့်ကို ဖွဲ့စည်းပုံနှင့်အညီ ဒီမိုကရေစီနည်းကျကျ ရွေးချယ်တင်မြောက်ခဲ့ကြသည်။

| | | |
|---|---|---|
| ၁။ စောဒေးဗစ်သာကဘော် | (KNU) | ဥက္ကဋ္ဌ❖ |
| ၂။ ခိုင်စိုးနိုင်အောင် | (ALP) | ဒု-ဥက္ကဋ္ဌ❖ |
| ၃။ မိုင်းဘုန်းကျော် | (PSLF) | အထွေထွေအတွင်းရေးမှူး |
| ၄။ မန်းငြိမ်းမောင် | (KNU) | တွဲဘက်အထွေထွေအတွင်းရေးမှူး |

**ဗဟိုအလုပ်အမှုဆောင်ကော်မီတီအဖွဲ့ဝင်များ**

| | | |
|---|---|---|
| ၅။ ဗိုလ်မှူးကြီးခွန်ဥက္ကာ | (PPLO) | ။ |
| ၆။ ခိုင်နီလင်း | (ALP) | ။ |
| ၇။ မိုင်းအိုက်ဖုန်း | (PSLF) | ။ |
| ၈။ ဒေါက်တာရှွေခါး | (CNF) | ။ |
| ၉။ ဆရာနိုင် | (NMSP) | ။ |
| ၁၀။ စောတာဒို့မူ | (KNU) | ။ |
| ၁၁။ ဆရာခွန်အိုး | (PPLO) | ။ |
| ၁၂။ နာမီးရှော | (LDU) | ။ |

**တပ်ပေါင်းစု ၏ သိသာထင်ရှားသောဆောင်ရွက်ချက်များ (အပိုင်း ၁)**

က) အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုနှင့် ဒီမိုကရေစီ လှုပ်ရှားမှုကို ပေါင်းစပ်ပေးနိုင်ခဲ့ခြင်း။
ခ) မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ် တပ်ဦးကို ဖွဲ့စည်းပေးနိုင်ခဲ့ခြင်း။
ဂ) ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ ကို ဖွဲ့စည်းပေးနိုင်ခဲ့ခြင်း။

**တပ်ပေါင်းစု ၏ သိသာထင်ရှားသော ဆောင်ရွက်ချက်များ (အပိုင်း ၂)**

က) ၁၉၈၁ ခုနှစ် မဒတ တပ်ပေါင်းစု ဗိုလ်လောင်းသင်တန်း
ခ) ၁၉၈၂ ခုနှစ် မဒတ တပ်ပေါင်းစု ပူးတွဲစစ်ဆင်ရေး
ဂ) ၁၉၈၄ ခုနှစ် မဒတ တပ်ပေါင်းစု ဒေသဆိုင်ရာစစ်ရေး လှုပ်ရှားမှု
ဃ) ၁၉၈၅–၈၆ ခုနှစ် မြန်မာပြည်မြောက်ပိုင်း ခရီးရှည် ချီတက်ပွဲ
င) မဒတ တပ်ပေါင်းစု ၏ ဖက်ဒရယ် တက္ကသိုလ်

**တပ်ပေါင်းစု၏ သိသာထင်ရှားသော ဆောင်ရွက်ချက်များ (အပိုင်း ၃)**

က) ၁၉၉၂ ခုနှစ် မာနယ်ပလော သဘောတူညီချက်စာချုပ်
ခ) ခွဲထွက်မွန်အဖွဲ့အစည်းနှစ်ဖွဲ့ကို ပြန်လည်ပေါင်းစည်းရန် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်း – ၁၉၈၂
ဂ) မွန်–ကရင် လက်နက်ကိုင်ပဋိပက္ခကို စေ့စပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း – ၁၉၈၈
ဃ) ဝ ပြည် သွေးစည်းညီညွတ်ရေးအဖွဲ့နှင့် မဟာမိတ် ဖွဲ့နိုင်ခဲ့ခြင်း – ၁၉၈၉
င) သမိုင်းဝင် တိုင်းရင်းသားလူမျိုးများနှီးနှောဖလှယ်ပွဲ ကျင်းပ နိုင်ခဲ့ခြင်း – ၁၉၉၇

**ဆက်သွယ်ရန်လိပ်စာ**

P.O Box 101
Mae Sod, Tak 63110
Tel: 055 536 757
Fax: (+66) 55 536 757
Email:ndfburma@hotmail.com
Website: ndf-burma.org
ndf-burma.blogspot.com